

မင်းမြတ်သုံရ
ကိန္နရီမောင်နံ့

# အခန်း(၁)

နယ်မြို့လေးတစ်မြို့တွင် ဦးစိန်ခိုနှင့် ဦးဘမြဆိုသော သူဌေးနှစ်ဦး ရှိ၏။

ထိုသူဌေးနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး စီးပွားချင်း ပြိုင်ဆိုင်နေသူများလည်းဖြစ်၏။

ဦးစိန်ခိုသည် ဆီစက်၊ ဆန်စက်နှင့် လယ်ယာမြေများစွာကို ပိုင်ဆိုင်၏။

ဦးဘမြသည် အဝေးပြေးကားများစွာနှင့် အနီးအနားမြို့များရှိ အိမ်ကြီးအိမ်ကောင်းများကို ပိုင်ဆိုင်၏။

၎င်းတို့နှစ်ဦးသည် ဥပုသ်နေ့တိုင်း တရားဇရပ်သို့သွား၍ စီးပွားချင်း ပြိုင်ဆိုင်ပြီး စကားများရန်ဖြစ်ကြ၏။

တစ်ဦးနှင့်တစ်ဦး မခံချင်အောင် ပြောဆိုကြ၏။ သူဌေးဦးဘမြက ဦးစိန်ခို၏ ဆီစက်ဆန်စက်များကို ဘိုးတော်ဘုရား လေးဖက်ထောက်သွားသည့်အချိန်က ပစ္စည်းများဖြစ်သည်ဟု နှိမ့်ချပြောဆို၏။

ဦးစိန်ခိုကလည်း ဦးဘမြ၏ အဝေးပြေးကားများကို အင်္ဂလန်သို့ပြန်ပို့၍ အစုတ်ချာဆုံး ကားပြိုင်ပွဲဝင်သင့်ကြောင်းအကြံပြု၏။

ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်လုပ်နေသော သူဌေးနှစ်ဦးသည် မမျှော်လင့်ဘဲ ထူးခြားသော ဝါသနာတစ်ရပ်ကို တစ်ပြိုင်တည်း ဖြစ်ပေါ်လာ၏။

ထိုဝါသနာသည် သူတို့မြို့ပေါ်ရှိ မျက်နှာဖြူ အရေးပိုင်ကြီးကြောင့် ကူးစက်လာခြင်းဖြစ်၏။

မျက်နှာဖြူအရေးပိုင်ကြီးသည် သူတို့မြို့သို့ ပြောင်းလာပြီး များမကြာမီတွင် အလွန်လှသော မြင်းကြီးတစ်ကောင်ကို ဝံ့ဝံ့ကြွားကြွား စီး၍ မြို့အနှံ့ လှည့်လည်သွားလာ၏။

တစ်ဦးနှင့်တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်လုပ်သော သူဌေးနှစ်ဦးသည် မျက်နှာဖြူအရေးပိုင်ကြီး မြင်းစီးနေပုံကိုကြည့်၍ အလွန်သဘောကျ၏။

မျက်နှာဖြူကြီးကဲ့သို့ မြင်းကြီးကိုဝယ်ကာ မြို့အနှံ့လှည့်လည် သွားလာရလျှင် မည်မျှကောင်းမည်နည်းဟု တွေးမိ၏။

အခြားသော ဆင်းရဲသား နင်းပြားမြို့သူမြို့သားများမှာ မြင်းကြီးကို ဝယ်ယူနိုင်သော ငွေကြေးဥစ္စာမရှိသဖြင့် သူဌေးနှစ်ဦးကဲ့သို့ စိတ်ကူးမ ယဉ်နိုင်ရှာပေ။

ဂုဏ်တုဂုဏ်ပြိုင် သူဌေးနှစ်ဦးသည် မျက်နှာဖြူကြီး မြင်းစီးနေပုံကို တစေ့တစောင်းကြည့်၍ မြင်းစီးပြီး ဟန်ရေးပြလိုစိတ်များ တစ်နေ့တခြား တိုးပွားလာ၏။

သို့သော် သူဌေးနှစ်ဦးမှာ မြင်းကိုသာစီးချင်၍ မြင်းနှင့်ပတ်သက်သ ည့် မည်သည့်အရာကိုမျှ နားမလည်သောကြောင့် မြင်းစီးချင်စိတ်ကို အတော်ပင် ချိုးနှိမ်ထားရ၏။

သူဌေးနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်နေသူများဖြစ်လေရာ စိတ်တွင်ကျိတ်၍ တစ်ဦးနှင့်တစ်ဦး သူ့ထက်ငါ သာလွန်သော မြင်းမျိုး ကို ဝယ်ရန် စိတ်ပိုင်းဖြတ်ထားကြ၏။

သို့သော် မျက်နှာဖြူအရေးပိုင်ကြီးမြို့၌ ရှိနေသေးသဖြင့် ၎င်းကို


အတုခိုးသည်ဟု ထင်မှာစိုးရိမ်သောကြောင့် မြင်းများကို မဝယ်ဝံ့သေးချေ။

တစ်နေ့သ၌ မျက်နှာဖြူအရေးပိုင်ကြီးသည် ၎င်းတို့နယ်မှ ပြောင်းရွှေ့ရမည်ဟု သတင်းထွက်လာလေ၏။

သူဌေးနှစ်ဦးသည် အရေးပိုင်ကြီး၏ သတင်းကိုကြားသောအခါ အလွန်ဝမ်းသာသွားလေ၏။

၎င်းတို့သည် ထိုအချိန်မှစ၍ မြင်းအမျိုးကောင်းများကို စတင်ရှာဖွေလေတော့၏။

မကြာမီ သူဌေးကြီးဦးစိန်ခိုသည် ရွှေဘိုနယ်ဘက်မှ မြင်းကြီးတစ်ကောင်ကို ဝယ်ယူလာ၏။ ဦးဘမြကလည်း အားကျမခံ မြင်းခြံဘက်မှ မြင်းဖြူကြီးတစ်ကောင်ကို ဝယ်လာပြန်၏။



ၒင်းတို့သည် မြင်းများကို ဝယ်ယူလာသော်လည်း မြင်းအကြောင်းကို နားမလည်သဖြင့် မြင်းထိန်းကို ရှာရပြန်၏။

ထိုအခါ သူတို့မြို့ပေါ်တွင် မြင်းထိန်းလူငယ်တစ်ဦးသာ ရှိသဖြင့် အခက်ကြုံရလေ၏။

ထိုလူငယ်သည် ယခင်က အရေးပိုင်ကြီးရှိစဉ် အရေးပိုင်ကြီး၏မြင်းကို ထိန်းရသူဖြစ်၏။

ထိုသူငယ်သည် မျက်နှာဖြူကြီး၏ ကျေးဇူးကြောင့် မြင်းနှင့်ပတ်သက်သော အသိပညာတို့ကို သိကျွမ်းခဲ့ရသည်ဆို၏။

ထိုသူငယ်သည် သူဌေးနှစ်ဦးက ၎င်းတို့၏မြင်းထိန်းလုပ်ရန် အပြိုင်အဆိုင် လာရောက်ငှားရမ်းသောအခါ သူဌေးဦးဘမြ၏ မြင်းထိန်းအလုပ်ကိုသာ လက်ခံရန်ဆုံးဖြတ်လိုက်၏။

အဘယ်ကြောင့်ဆိုသော် ဦးဘမြသည် သူ၏မိခင် မသေဆုံးမီက လိုအပ်သောဆေးဖိုးဝါးခများကို ချေးငှားပေးဖူး၏။

လူငယ်က ဦးဘမြ၏အလုပ်ကို လက်ခံလိုက်သောအခါ ဦးစိန်ခိုသည် မကျေမချမ်းဖြစ်သွားပြီး အခြားမြို့မှ မြင်းထိန်းတစ်ယောက်ကို ဈေးကြီးပေး၍ ငှားရမ်းလာခဲ့၏။

ထိုအချိန်မှစ၍ ဦးစိန်ခိုနှင့် ဦးဘမြသည် မြင်းထိန်းလူငယ်နှစ်ဦး၏ အကူအညီဖြင့် မြင်းစီးအတတ်ကို စတင်၍ သင်ယူလေတော့၏။

ဦးဘမြနှင့် ဦးစိန်ခိုသည် အတော်အတန် မြင်းစီးကျွမ်းကျင်သောအခါ မြို့ပေါ်သို့တက်၍ မြင်းစီးဝတ်စုံနှင့် ဖိနပ်များကိုဝယ်ယူပြန်၏။

ထိုပစ္စည်းများရရှိသောအခါ အကျအနဝတ်၍ တစ်မြို့လုံးအနှံ့လှည့်

ပြီး ဟန်ရေးပြကြလေတော့၏။

သူဌေးနှစ်ဦး၏ ပေါ်ကြောင်ကြောင်နိုင်ပုံကိုကြည့်၍ မြို့သူမြို့သား များသည် တီးတိုးရယ်မောကြကုန်၏။ အချို့လည်း အမြင်ကတ်သည်နှင့် ဝိုင်းဝန်းမြှောက်ပင့်ပေးကြ၏။

ထိုအခါ ပေါ်ကြောင်ကြောင်သူဌေးနှစ်ဦးသည် မိမိကိုယ်မိမိ ဟုတ်လှ ပြီထင်ပြီး သွေးနားထင်ရောက်နေလေတော့၏။

တစ်နေ့သ၌ ပေါ်ကြောင်ကြောင် သူဌေးနှစ်ဦးသည် မြင်းကိုယ်စီစီး လျက် မြို့လယ်ခေါင်ဈေး၌ ထိပ်တိုက်ဆုံတွေ့ကြ၏။

ထိုအခါ တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ကြသည့် ထုံးစံရှိသည့်အတိုင်း ဦး စိန်ခိုက

“ မြင်းစီးချင်လည်း အရောင်အသွေးကောင်းတဲ့မြင်းကို စီးမှပေါ့ ဘ မြရယ်... အခုတော့ မင်းမြင်းက မွဲခြောက်ခြောက်အရောင်ကြီးပါလား ”

ဟု ကဲ့ရဲ့လိုက်လေ၏။

ထိုအခါ ဦးဘမြသည် မကျေမချမ်းဖြစ်သွားပြီး ဦးစိန်ခို၏မြင်းကိုကြ ည့်၍ နှာခေါင်းရှုံ့လိုက်ပြီး

“ မင်းရဲ့မြင်းကြီးက ဖြူတော့ဖြူပါရဲ့ကွာ၊ ဒါပေမယ့် ကြည့်ရတာ ခရသင်းစွဲနေသလိုဖြစ်နေတာ ဆိုးတယ် ”

ဟု ကဲ့ရဲ့လိုက်ရာ ဦးစိန်ခိုနှင့်ဦးဘမြသည် တစ်ဦးနှင့်တစ်ဦး မကျေမ ချမ်း ဖြစ်သွားကြလေ၏။

ထို့နောက်တွင်မူ ၎င်းတို့နှစ်ဦးသည် မြင်းများကို ပြိုင်ဆိုင်ရုံသာမက ၎င်းတို့၏ မြင်းစီးကျွမ်းကျင်ပုံကိုလည်း ပြိုင်ဆိုင်ကြပြန်၏။

အမှန်စင်စစ် သူဌေးနှစ်ဦးသည် မြင်းစီးကျွမ်းကျင်သည့်အဆင့်မရှိဘဲ ဟန်ရေးပြသည့် အဆင့်သာရှိလေ၏။

ထို့နောက် ၎င်းတို့ကိုယ်တိုင် မြင်းစီးမပြိုင်ဝံ့ဘဲ မြင်းထိန်းအချင်းချင်းကိုစီးပြီး မြင်းစီးပြိုင်ရန် သဘောတူညီလိုက်လေ၏။

မကြာမီရက်ပိုင်းအတွင်း သူဌေးနှစ်ဦး၏မြင်းများ ပြိုင်ဆိုင်မည့်သတင်းသည် တစ်မြို့လုံး ပျံ့သွားလေတော့၏။

သူဌေး ဦးဘမြ၏မြင်းကို စီးရမည့်လူငယ်မှာ မြို့သားလူငယ်မောင်နေလဖြစ်၏။

သူဌေး ဦးစိန်ခို၏ မြင်းကိုစီးရမည့်လူမှာ တစ်နယ်သားဖြစ်သော မဲခေါင်ဆိုသူဖြစ်၏။

မဲခေါင်နှင့် နေလသည် နှစ်ဦးစလုံး မြင်းစီးကျွမ်းကျင်ကြ၏။ မြင်းနှင့်ပတ်သတ်၍လည်း အတော်အတန် ဝါသနာကြီးကြ၏။

သူတို့နှစ်ဦး၏ မြင်းစီးပြိုင်ပွဲတွင် မည်သည့်မြင်းက အနိုင်ရမည်ကို တစ်မြို့လုံးက စိတ်ဝင်စားနေကြ၏။

မြင်းပြိုင်ပွဲမစမီ မြို့လယ်ခေါင်ရှိ ကာကာဆိုင်၌ အလောင်းကစားပြုလုပ်ကြ၏။ လောင်းကစားပွဲများကြောင့် သူဌေးနှစ်ဦး၏မြင်းပြိုင်ပွဲကို မြို့သူမြို့သားများ ပိုမို၍ စိတ်ဝင်စားလာကြ၏။

မြင်းပြိုင်ပွဲ မစတင်သေးမီ မြင်းထိန်းနှစ်ဦးသည် မြင်းစီးလေ့ကျင့်ရင်း မြို့ပြင်တောင်ကုန်းထိပ်တွင် မမျှော်လင့်ဘဲ ဆုံစည်းမိကြ၏။ ထိုအခါ တစ်ဦးနှင့်တစ်ဦး မမျှော်လင့်ဘဲ ယှဉ်ပြိုင်မိလျက်သား ဖြစ်သွားကြ၏။



ၶင်းတို့သည် တောင်ကုန်းပေါ်မှ မြို့အပြင်လမ်းသို့ မြင်းများကို ဒုန်းစိုင်းပြီး ယှဉ်ပြိုင်ကြရာ မြို့ခံလူငယ် နေလက နှာတစ်ဖျားဖြင့် အသာရခဲ့သည်ဆို၏။

ထိုပြိုင်ပွဲ၏ရလဒ်ကြောင့် မြင်းနှစ်စီးနှင့်ပတ်သက်၍ လောင်းကြေးထပ်မှုများ အပြောင်းလဲကြီး ပြောင်းလဲကုန်၏။

မြို့ပေါ်ရှိ လူအများစုမှာ မြို့ခံလူငယ် နေလဘက်မှ လောင်းကြေးထပ်ကြပြန်၏။ သူဌေးဦးစိန်ခို၏မြင်းကို နှစ်သက်သူ တဖြည်းဖြည်း နည်းပါးလာ၏။

ထိုအခါ ဦးစိန်ခိုသည် ပြိုင်ပွဲတွင် မိမိ၏မြင်း ရှုံးနိမ့်မှာကို သွေးလန့်လာ၏။

သူဌေးကြီး ဦးစိန်ခိုသည် မိမိ၏မြင်း ရှုံးနိမ့်မှာကိုစိုးရိမ်သဖြင့်

အကောက်ကြံသည့် အစီအစဉ်များကို စတင်လေ၏။

ဦးစိန်ခို၏တပည့်များသည် နေလဆိုသော လူငယ်အား မြင်းပြိုင်ပွဲတွင် အနိုင်ရလျှင် ရိုက်နှက်ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုလေ၏။

နေလသည် လူငယ်တစ်ယောက်ဖြစ်၍ မိမိအား ခြိမ်းခြောက်ခြင်းကို မခံရပ်နိုင်အောင်ဖြစ်သွား၏။ ထို့ကြောင့် လက်သီးကိုဆုပ်၍

" ခင်ဗျားတို့ လူကြီးတွေဖြစ်ပြီး ရိုးရိုးသားသားလုပ်ကြစမ်းပါ၊ ဒီလိုမတရားအနိုင်ကျင့်တာမျိုး မလုပ်ပါနဲ့၊ ကျုပ်ကတော့မြင်းပွဲမှာ အနိုင်ရအောင် ကြိုးပမ်းမှာပဲ"

ဟု ကြုံးဝါးလိုက်လေ၏။

မြင်းပြိုင်ပွဲနီးလာသည်နှင့်အမျှ တစ်မြို့လုံးရှိလူများသည် ပြိုင်ပွဲကို ပိုမိုအာရုံစိုက်လာကြ၏။

တစ်မြို့လုံးရှိလူများသည် မြင်းပွဲအကြောင်းကို ပြောဆိုရင်း ငြင်းခုန်ကာ ရန်ဖြစ်ကြ၏။

သူဌေးနှစ်ဦးသည် ၎င်းတို့၏ ဂုဏ်သိက္ခာအတွက် မြင်းပွဲကို အနိုင်ရရန် အလွန်စိတ်အားထက်သန်ကြ၏။

ထို့ကြောင့် မြင်းပွဲကို အနိုင်ရရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုကြ၏။

၎င်းတို့နှစ်ဦးစလုံး ဗေဒင်ဆရာ အကျော်အမော်များထံသို့ ချည်းကပ်၍ ပြိုင်ပွဲအနိုင်ရရန် အဆောင်ယတြာများ တောင်းယူကြ၏။

မြင်းပြိုင်ပွဲစတင်မည့်နေ့ကို ဗေဒင်ဆရာများကပင်

နေ့ကောင်းရက်သာ ရွေးပေးကြ၏။

ဗေဒင်ဆရာနှစ်ဦးသည် နေ့ကောင်းရက်သာရွေးရင်း ရန်ဖြစ်ကာ လူမြင်မကောင်းအောင် ထိုးကြိတ်ကြရာ၏။

နောက်ဆုံးတွင် မြို့ပေါ်ရှိ လူပျိုတော်ယောင်ယောင် အဘိုးကြီးတစ်ဦးက လပြည့်ကျော်တစ်ရက်နေ့ကို အကောင်းဆုံးနေ့ဟု သတ်မှတ်ပေးလိုက်၏။

လပြည့်ကျော်တစ်ရက်နေ့သို့မရောက်မီ မြို့သူမြို့သားများသည် မြင်းပွဲကြည့်ရှုရန်အတွက် ကြိုတင်ပြင်ဆင်ကြ၏။

ထိုနေ့၌ မီးခိုးတိတ်စားသောက်ရန် စီစဥ်ထားပြီး ယခင်နေ့များကပင် ကြိုတင်၍ ချက်ပြုတ်ထားကြ၏။

မြင်းပွဲကျင်းပမည့်နေ့သို့ရောက်သောအခါ မြို့ပြင်ကားလမ်း၌ မြို့သူမြို့သားများ ဖွေးဖွေးလှုပ်မျှ ရှိနေလေ၏။ မြင်းပွဲ၏ ဒိုင်အဖြစ်မြင်းနှင့်ပတ်သက်ပြီး တစ်လုံးတစ်ပါဒမျှ နားမလည်သော လူပျိုတော်ကြီးက တာဝန်ယူ၏။

သူဌေးနှစ်ဦးသည် မြင်းပွဲကျင်းပမည့်မြို့ပြင်၌ မဏ္ဍပ်တစ်ခုကို ကြိုတင်ဆောက်လုပ်ထား၏။ သူဌေးနှစ်ဦး၏ အဖော်အပေါင်းများသည် ထိုမဏ္ဍပ်အတွင်း ကတ္တီပါကော်ဇောများကို ခင်းကျင်း၍ အခန့်သားထိုင်နေကြပေပြီ။

မြို့သူမြို့သားများသည် မြင်းပွဲကြည့်ရှုရန် အလွန်စိတ်အားထက်သန်နေလေပြီ။

ပြိုင်ပွဲဝင်မည့် မြင်းကြီးနှစ်ကောင်မှာလည်း အစာကို ဝအောင်စားပြီး ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေကြ၏။

မြင်းထိန်းနှစ်ယောက်မှာလည်း သူတို့၏မြင်းများကို ပွတ်သပ်၍ ပြိုင်ပွဲဝင်ရန် ဟန်တပြင်ပြင်နှင့် ရှိလေ၏။

မကြာမီ မင်္ဂလာအချိန်သို့ ကျရောက်၍ ပြိုင်ပွဲစတင်ရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း လူပျံတော်အဘိုးကြီးက ကြေငြာလိုက်၏။



မြင်းပိုင်ရှင်သူဌေးနှစ်ဦးသည် ၎င်းတို့၏ ဗေဒင်ဆရာများက အသီးသီးမှာကြားသည့်အတိုင်း မြင်းများကို သပြေခက်နှင့်ပက်ခြင်း၊ ပရိတ်ရေနှင့်လောင်းခြင်း စသည့်အပြုမူများကို ပြုလုပ်နေကြလေ၏။

လူပျံတော်ကြီးသည် မြင်းသမားနှစ်ဦး အသင့်ဖြစ်သောအခါ ခရာကို မှုတ်မည်ဖြစ်ကြောင်း ပြော၏။

မြင်းသမားနှစ်ဦးသည် မြင်းပေါ်သို့တက်၍ ပြိုင်ဆိုင်ရန် အသင့်ပြင်ထား၏။

လူပုံတော်ကြီးက

“ မြင်းသမားတွေ အသင့်ပြင်၊ ခရာမှုတ်မယ် ”

ဟု အော်ဟစ်ကာ သူ၏ခရာကို ရှိခနဲနေအောင် မှုတ်လိုက်၏။

ထိုအခါ မြင်းနှစ်စီးသည် ဒုန်းစိုင်း၍ စတင်ထွက်သွားလေ၏။ မြို့သူမြို့သားများသည် ကျယ်လောင်စွာ အော်ဟစ်၍ အားပေးကြလေ၏။

၎င်းတို့၏အားပေးသံ လက်ခုပ်လက်ဝါးတီးသံမှာ မိုးယံသို့တိုင်မည်ထင်ရ၏။ မြင်းနှစ်စီးမှာလည်း ဒုန်းစိုင်း၍ စတင်ပြေးလာနေချေပြီ။

မြင်းပြိုင်ပွဲ၏အစီအစဉ်မှာ မြို့နှင့်တစ်ဖာလုံအကွာရှိ ဝါးတိုင်တွင် စိုက်ထားသော အလံကိုယ်စီကို ရအောင်ယူ၍ စထွက်သည့်နေရာသို့ အရောက်ပြေးရမည်ဖြစ်၏။

မြို့သူမြို့သားများသည် ပန်းဝင်လာမည့် မြင်းကို ဆူညံစွာ အော်ဟစ်၍ စောင့်ကြိုနေကြ၏။ မြင်းနှစ်စီးသည် စတင်၍ထွက်သည့် အချိန်မှစ၍ မည်သူမျှမသာဘဲ ပြိုင်တူယှဉ်တွဲ၍သွားလာနေ၏။

ခရီးတစ်ဝက်သို့ရောက်သောအခါ နေလ၏မြင်းသည် တဖြည်းဖြည်း ရှေ့သို့ရောက်လာ၏။ ထိုမြင်ကွင်းကိုကြည့်၍ ပရိသတ်များက လက်ခုပ်သံ တဖြောင်းဖြောင်းတီး၍ အားပေးကြကုန်၏။

သူဌေး ဦးစိန်ခိုသည် သူ၏မြင်း အရေးမလှသဖြင့် မျက်စိမျက်နှာပျက်နေ၏။ နေလ၏မြင်းသည် ဝါးလုံးတိုင်တွင် စိုက်ထားသော အလံငယ်ရှိရာသို့ ဦးစွာရောက်သွားပြီး အလံငယ်ကို ဆွတ်ယူနိုင်ခဲ့၏။

နေလသည် သူ၏လက်ထဲသို့ အလံငယ်ရောက်သည်နှင့် မြင်းကို ဒုန်းစိုင်းပြီး ပန်းတိုင်သို့ လှည့်ပြန်ခဲ့၏။ နေလသည် ဆူညံစွာ အော်ဟစ်အားပေးနေသော ပရိသတ်များကြားမှ မြင်းကို ဒုန်းစိုင်းပြီးစီးနှင်လာခဲ့၏။

ယနေ့ပွဲတွင် မိမိအနိုင်ရတော့မှာ သေချာသဖြင့် အလွန်စိတ်အားတက်ကြွနေမိ၏။ သူ့မြင်းကို ဒုန်းစိုင်းလာသည်အထိ တစ်ဖက်လူမှာ အလံကိုယူပြီး ဒုန်းစိုင်းဖို့ အားယူနေဆဲဖြစ်၏။

မြင်းကြီးသည် ခွာသံတဖြောင်းဖြောင်းမြည်အောင် ပြေးလေ၏။ အပြေးမြန်လွန်းသောကြောင့် မြင်းခြေထောက်နှင့်လမ်း ထိသည်ဟူ၍ပင် မထင်ရချေ။

သူ၏မြင်းကြီးရှေ့မှ ဦးဆောင်လာသဖြင့် မြို့ခံလူများ၏ အားပေးသံသည် မိုးယံသို့ လွင့်ပျံလုဖြစ်နေ၏။ ထိုအချိန်တွင် မြင်းခြံသား မဲခေါင်၏မြင်းမှာလည်း နောက်မှ အရှိန်အဟုန်ပြင်းစွာ ဒုန်းစိုင်းပြီး လိုက်လာ၏။

သို့သော် နေလ၏မြင်းကို မဲခေါင် မည်သို့မျှမီအောင် မလိုက်နိုင်တော့ပေ။

နေလသည် ရှေ့မှ ပြတ်ပြတ်သားသားကြီး ဦးဆောင်ပြီးပန်းဝင်သွား၏။ မြို့သူမြို့သားအားလုံး နားကွဲလုမတတ် ဆူညံစွာအော်ဟစ်၍ နေလကို အားပေးကြ၏။

သူဌေးကြီး ဦးဘမြသည် မိမိဘက်မှ အနိုင်ရသဖြင့် လက်သီးလက်မောင်းတန်း၍ တဟားဟား ရယ်မောနေ၏။ ရှုံးနိမ့်သူ သူဌေးကြီး ဦးစိန်ခိုမှာ မျက်နှာကြီးရှုံ့မဲ့ပြီး ရှက်ရွံ့ဟန်ဖြင့် နီမြန်းနေ၏။

ဦးဘမြ၏ ဒိုးပတ်ဝိုင်းသည် ကြိုတင်စီမံထားသည့်အတိုင်း ဒိုးပတ်ဝိုင်းကို မြိုင်မြိုင်ဆိုင်ဆိုင်တီး၍ အသံအောင်သူတစ်ဦးက ဦးဘမြ၏ဂုဏ်ပုဒ်ကို စပ်ဆိုထားသော သီချင်းကို သီဆို၏။

သူဌေးကြီး ဦးစိန်ခိုတို့လူစုသည် ရှုံးနိမ့်သူများဖြစ်သဖြင့် မြင်းပွဲမှ ကုပ်ကုပ်လေး ထွက်ခွာသွားကြ၏။

မြို့သူမြို့သားများသည် မြင်းသမားနေလ၏ အနီးတွင် ဝိုင်းဝန်း၍ ချီးမွမ်းကြကုန်၏။ ဦးဘမြသည် နေလ၏ပုခုံးကိုဖက်၍ သူ၏အိမ်သို့ ခေါ်ဆောင်သွား၏။

ယနေ့ပွဲတွင် သူ၏မြင်းကြီးကို နိုင်အောင်စီးနိုင်သဖြင့် နေလအား အိမ်သို့ခေါ်၍ ဆုတော်ငွေများ ချီးမြှင့်မည်ဆို၏။ ထိုနေ့ညက ဦးဘမြ၏တပည့်တပန်းများသည် အိမ်၌ အောင်ပွဲခံကြ၏။

ထိုသို့ အောင်ပွဲခံနေစဉ် သူဌေးကြီး ဦးစိန်ခို၏သတင်းကို စိတ်မချမ်းမြေ့ဖွယ် ကြားရ၏။ သူဌေးဦးစိန်ခိုတစ်ယောက် မြင်းပွဲရှုံးသွားသဖြင့် စိတ်ထိခိုက်ပြီး အိပ်ရာထဲ ဘုန်းဘုန်းလဲသွားသည် ဆို၏။

နေလသည် ထိုညက ဦးဘမြ ချီးမြှင့်လိုက်သော ငွေတစ်ရာကိုကိုင်၍ သူ၏တဲအိမ်လေးသို့ ပြန်လာခဲ့၏။

ငွေတစ်ရာဆိုသော အသပြာကို တစ်သက်တွက် တစ်ကြိမ်မျှမကိုင်ဖူးသဖြင့် အိမ်သို့ စောစောပြန်ပြီး ငွေစက္ကူများအား အားပါးတရ ပွတ်တိုက်ကြည့်၏။

သူဌေးဦးစိန်ခိုအတွက် စိတ်မကောင်းသော်လည်း ငွေတစ်ရာကို ရသဖြင့် ပျော်ရွှင်နေမိ၏။

မြင်းပြိုင်ပွဲအပြီး (၃)ရက်မြောက်သောနေ့တွင် စိတ်မချမ်းမြေ့

ဖွယ်သော သတင်းဆိုးတစ်ခုကို ကြားရပြန်၏။ စိတ်ထိခိုက်ပြီး အိပ်ရာထဲလဲနေသော ဦးစိန်ခိုသည် လေဖြတ်သွားသည်ဆို၏။

ထိုနေ့ညသို့ရောက်သောအခါ နေလတစ်ယောက် ကြမ္မာဆိုးနှင့် ကြုံတွေ့လိုက်ရ၏။ တဲအိမ်ထဲတွင် အိပ်စက်နေသော နေလရှိရာသို့ လူတစ်စုဝင်ရောက်လာပြီး နေလကို ဝိုင်းဝန်းထိုးကြိတ်ကြ၏။

နေလသည် သူဌေးဦးစိန်ခိုတို့လူစု၏ လက်ချက်ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။ ထိုသူများသည် နေလအား ထိုးကြိတ်သွားကြပြီး တဲအိမ်အပြင်သို့ ဒရွတ်တိုက်ဆွဲခေါ်သွားကြ၏။



ထို့နောက် တဲအိမ်ကလေးကို မီးဖြင့်ရှို့လိုက်ကြ၏။ နေလက မီးမရှို့ရန် တောင်းပန်နေသည့်ကြားမှ တဲအိမ်ကလေး မီးဟုန်းဟုန်းတောက်လောင်ကာ ပြာကျသွားခဲ့၏။

နေလသည် မီးလောင်နေသော တဲအိမ်ကလေးကိုကြည့်၍ ချုံးပွဲချပြီး ငိုကြွေးလိုက်မိ၏။

သူသည် တဲအိမ်ကလေးကို နှမြောတမ်းတခြင်းကြောင့် ငိုကြွေးခြင်း မဟုတ်။

မီးလောင်ကျွမ်းသွားသော ငွေတစ်ရာကို နှမြောတမ်းတ၍ဖြစ်၏။

နေလသည် လွန်ခဲ့သောနေ့က ငွေတစ်ရာကို ဆုကြေးအဖြစ်ရရှိသဖြင့် မအိပ်နိုင်၊ မစားနိုင်အောင် ပျော်ရွှင်ခဲ့ရ၏။ ယခုတော့ မိမိမှာ ငွေအသပြာဆို၍ ခြူးတစ်ပြားမျှပင် မရှိတော့။

ဘဝဟူသည် အတက်၊ အကျ၊ အစုန်၊ အဆန် မြန်ဆန်လှချည်တကား။

နေလသည် နံနက်အရုဏ်တက်ချိန်သို့ရောက်သောအခါ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိုက်၏။

ထိုဆုံးဖြတ်ချက်မှာ မြို့ကိုစွန့်ခွာ၍ ထွက်ခွာသွားမည်ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်၏။ မြို့ပေါ်တွင် မိမိ ဆက်၍မနေလိုတော့ချေ။

သူသည် တစ်ကောင်ကြွက်၊ ဆင်းရဲသားနင်းပြားတစ်ယောက် ဖြစ်၏။

မိဘများကွယ်လွန်သောအခါ ဘဝကို အေးအေးချမ်းချမ်းနေထိုင်ခဲ့၏။

ယခုတော့ မိမိဘဝသည် သူဌေးနှစ်ဦး၏အလိုလောဘကြားမြေစာပင် ဖြစ်ခဲ့ရ၏။ မိမိတွင် ပိုင်ဆိုင်မှုဟူ၍ ခြူးတစ်ပြာမျှပင်မရှိတော့။

ထို့ကြောင့် ဘဝကို အစမှ ပြန်လည်ရှန်းကန်ရန် ကြံစည်လိုက်၏။

သူသည် တဲအိမ်ကလေးကို ကျောခိုင်းပြီး ထွက်ခဲ့၏။

လမ်းပေါ်သို့ရောက်သောအခါ အဝေးပြေးကားကြီးကိုစောင့်၏။ ကားကြီးကိုရလျှင် မြို့နှင့်ဝေးရာသို့ လိုက်ခဲ့၏။

*